# ဗကပ ၏ သဘောထားထုတ်ပြန်ချက်

## (၃/၂၀၁၁)

## (၁၅ – ၁၁ – ၂၀၁၁)

<u>NLD မှတ်ပုံတင်မလား၊ ကြားဖြတ်ရွေးကောက်ပွဲဝင်မလား ကိစ္စ။</u>

တင်မလား ဝင်မလားကိစ္စမှာ NLD ၏ကိစ္စ ဖြစ်သည်။ ကျွန်တော်တို့ကဝင်ပြီး ပြောရမည့်ကိစ္စမဟုတ်။ သူ့အခြေအနေကို သူပဲအသိဆုံး ဖြစ်သည်။

သို့သော် ထိုကိစ္စသည် ဗမာပြည်၏ နိုင်ငံရေးကိစ္စလည်း ဖြစ်နေသည်။ ၁၉၉၀ ရွေးကောက်ပွဲတုန်းက NLD ကို ပြည်သူတရပ်လုံးက ပုံအောပြီး မဲပေးလိုက်တာဖြစ်လို့ ပြည်သူ့ကိစ္စလည်း ဖြစ်သည်။

<u>မှတ်ပုံတင်ပြီး ကြားဖြတ်ရွေးကောက်ပွဲဝင်ခဲ့သော်။</u>

ဘယ်လိုရှေ့ရေးအမြော်အမြင်နဲ့ ‘တင်’ တာ ‘ဝင်’ တာ လုပ်သလဲဆိုတာကို ပြည်သူလူထုကြီး သိသင့်သည်။ NLD က တင်ပြသင့်သည်။ ‘၂၀၀၈ အခြေခံဥပဒေ’ ကို ‘လွှတ်တော်နိုင်ငံရေးနည်းလမ်း’ ဖြင့် အတွင်းဝင်ပြီး ပြုပြင်ပြောင်းလဲဖို့လား၊ ပြုပြင်ပြောင်းလဲတာ ဘယ်လောက်ကြာမလဲ၊ (၂၀၁၅) (၂၀၂၀) အထွေထွေရွေးကောက်ပွဲများအထိ မျှော်မှန်းထားသလား စသည်စသည်များကို တင်ပြဖို့လိုသည်။

<u>နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်မြောက်ရေးကိစ္စ။</u>

NLD သည် ‘၈၈’ အုံကြွမှုကြီးကိုစီးပြီး ပေါ်လာတာဖြစ်သည်။ ‘၈၈ အုံကြွမှု’ ၏ ခေါင်းဆောင်များအားလုံးလောက်ကလည်း အခုအကျဉ်းချခံနေရသည်။ NLD က လွှတ်တော်နိုင်ငံရေးအတွင်း လှုပ်ရှားခြင်းဖြင့် ထိုနိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိ လွှတ်လာဖို့ အလားအလာရှိသလား။

ဦးသိန်းစိန်အစိုးရနဲ့ (နှုတ်ကတိပင်ဖြစ်စေ) နားလည်မှု ရရှိထားသလား။

<u>သတိပေးချင်တာတခု။</u>

ဗမာပြည်မှာ စစ်ဗိုလ်တွေက နိုင်ငံရေးလုပ်နေတာဖြစ်တယ်ဆိုတာကို သတိပြုစေချင်သည်။ စစ်ဝတ် ‘ဝတ်’ ထားတာဖြစ်ဖြစ် ‘ချွတ်’ ထားတာဖြစ်ဖြစ် စစ်ဗိုလ်က နိုင်ငံရေးလုပ်လျှင် စစ်အတွေးစစ်အမြင်နဲ့ပဲ လုပ်လေ့ရှိသည်။

အခုလုပ်နေတဲ့ ‘အပြောင်းအလဲ’ ဆိုတာတွေကို စစ်အမြင်စစ်အတွေးနဲ့ပဲ လုပ်နေတာလို့ ဗကပ က သုံးသပ်သည်။

အမေရိကန်နဲ့ ပြန်လည်ရင်ကြားစေ့ရေး ရည်မှန်းချက်ကိုရဖို့ လုပ်နေတာလို့ပဲ သဘောရသည်။ ထိုရည်မှန်းချက်ရဖို့အတွက် သမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်၊ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မတီဥက္ကဋ္ဌ စသူများက ကိုယ့်အခန်းကိုယ် ကပြနေကြတာလို့ပဲ သုံးသပ်ပါသည်။

ရဲဘော်ဖိုးသံချောင်း

(၁၅ – ၁၁ – ၂၀၁၁)